## အကယ်၍ အိမ်တွင်းတွင် အကြမ်းဖက်မှု ရှိခဲ့သော် ဘာလုပ်ရမလဲ။

အကယ်၍ သင်၏အိမ်အတွင်းတွင် လူတစ်ဦးတစ်ယောက်သည် သင် သို့မဟုတ် သင်၏ကလေးသူငယ်တို့ကို ထိခိုက်နာကြင်စေခဲ့လျှင် သင် အကူအညီ ရှာဖွေရန် အရေးကြီးသည်။

1. သင်ယုံကြည်သည့် လူတစ်ဦးဦး။ ။ သူငယ်ချင်းတစ်ယောက်၊ အိမ်နားနီးချင်း၊ မိသားစုဝင် သို့မဟုတ် သင်၏ကေ့စ်ဝါကာ စသည် များကိုပြောပါ။
2. အကယ်၍ သင့်မှာ ချက်ချင်းအန္တရာယ် ရှိနေခဲ့လျှင် ၉၁၁ကို ခေါ်ပါ။ သင့်အိမ်သို့ ပုလိပ်လာလိမ့်မည်ဖြစ်ပြီး သင်နှင့်သင်၏ ကလေးများအား ကာကွယ်ပေးမည်။
3. သင်သည်အင်္ဂလိပ်စကားမပြောတတ်လျှင် အိမ်တွင်းရေးနှင့်ဆိုင်သော အကြမ်းဖက်ခြင်း ဖုန်းလိုင်း– 1-800-799-7233 ကိုခေါ်ပါ၊ ခေါ်ခများ မပေးရပါ။ သင်ဘယ် ဘာသာစကားပြောနေသည်ကို တယ်လီဖုန်းကိုင်သူအား ပြောပြပါ။ သင်၏မြို့ထဲတွင် သင် ဘာလုပ်နိုင်မည်၊ ဘယ်နေရာတွင် အကူအညီ ရရှိမည်ကို စကားပြန်က သင့်အားပြောပြလိမ့်မည်။

*အိမ်တွင်းရေးရာနှင့်ဆိုင်သောအကြမ်းဖက်ခြင်း ဖုန်းလိုင်းများသို့ ဖုန်းဆက် ပြောဆိုခြင်းဟူသမျှ သတင်းလုံခြုံမှုရှိကြောင်း။ သင်၏နာမည်ကို ဖော်ပြရန် မလိုအပ်ပေ။ တယ်လီဖုန်း ကိုင်သူသည် သင်ခေါ်ရခြင်းအကြောင်းကို မည်သူ့ကိုမျှ ပြောပြလိမ့်မည် မဟုတ်ပေ။*

## ဒုက္ခသည် အသိုင်းအဝိုင်းများတွင် အိမ်တွင်းအကြမ်းဖက်မှု အကြောင်းပိုမိုသိရှိရန် ကျေးဇူးပြုပြီး အင်တာနက်ပေါ်၌ ရှုပါ–

www.endabuse.org

www.atask.org

www.apiahf.org/apidvinstitute

www.tapestri.org

www.mosaicservices.org

www.hotpeachpages.net

• • •

*အထက်ဝက်ဆိုက်တွင် ဒုက္ခသည်များပြောဆိုသည့် မြောက်များစွာသော ဘာသာစကားများဖြင့် နောက်ထပ် အချက်အလက်များ ပါဝင်သည်။*

*ဤစာစောင်သည် ကျန်းမာရေးဌာနနှင့်ဒုက္ခသည် ပြန်လည်နေရာချထား ရေးလူမှုဝန်ဆောင်မှုရုံးမှ ငွေစိုက်ထုတ်ပေးခြင်း အားဖြင့်ဖြစ်ပေါ်လာခဲ့သည်။*

**သတင်း အဆက်အသွယ်ပြုလုပ်ခြင်း–**
**riht@uscridc.org**
**U.S. Committee for Refugees and Immigrants**
**1717 Massachusetts Ave., NW**
**Suite 200**
**Washington, DC 20036**
**တယ်လီဖုန်း 202 • 347 • 3507**
**ဖက်စ် 202 • 347 • 7177**
**www.refugees.org**



# အိမ်တွင်း အကြမ်းဖက်မှု
# Violence in the Home (Burmese)

U.S. COMMITTEE FOR REFUGEES AND IMMIGRANTS
USCRI

**www.refugees.org**
*Protecting Refugees, Serving Immigrants, Upholding Freedom since 1911*

## အိမ်တွင်း အကြမ်းဖက်မှု ဆိုတာ ဘာလဲ။

အိမ်တွင်း အကြမ်းဖက်ခြင်းကို အများအားဖြင့် မတော်မတရားပြုခြင်းဟု ခေါ်သည်။ လူတစ်ဦးသည် တခြားလူများအား နာကြင်စေရန် သို့မဟုတ် ကြောက်လန့်စေရန် ထပ်ခါတလဲလဲ ပြုလုပ်သောအခါ မတော်မတရားပြုခြင်း ဖြစ်ပွားစေသည်။ မတော်မတရားပြုခြင်းတွင် လူတဦးတယောက်၏ ကိုယ်ခန္ဓာကို နာကြင်စေခြင်း၊ သူမ စိတ်ထိခိုက်စေခြင်း၊ သို့ မဟုတ် စိတ်မကောင်းဖြစ်စေသည့် အရာများ လုပ်စေခြင်း သို့မဟုတ် သူမ မလုပ်လိုသည့်အရာများ လုပ်စေခြင်းတို့ ပါဝင်သည်။ မတော်မတရားပြုခြင်းသည် သူမသည် ဉာဏ်မကောင်း သူ သို့မဟုတ် စိတ်မခိုင်သူ သို့မဟုတ် သူမ၏ဘဝ အသက်တာအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်းမရှိဟု ခံစားစေရန် လုပ်ခြင်းတို့ပါဝင်သည်။

## မည်သူ့ကို မတော်မတရားပြုနိုင်သလဲ။

အရွယ်ရောက်သူများ၊ ကလေးသူငယ်များနှင့် အသက် အရွယ်ကြီးရင့်သူများ မည်သူ့ကိုမဆို မတော်မတရားပြုနိုင်သည်။ ဤသို့မတော်မတရားပြုနေသည့် မိသားစုများတွင် များသောအားဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် အသက်ကြီးသူတို့ကို နာကြင်စေလျက်ရှိသည်။

## ကလေးသူငယ်များ

အိမ်၌အကြမ်းဖက်ခြင်းကို တွေ့မြင်ဖူးသော ကလေးသူငယ်တို့သည် ကြောက်လန့်ခြင်းနှင့် ဝမ်းနည်းခြင်းခံစားတတ်သည်။ သူတို့၏ အပြုအမူကြောင့် အကြမ်းဖက်ခြင်း ဖြစ်လာသည်ဟု သူတို့ ယုံကြည်တတ်ကြသည်။ အကြမ်းဖက်သော အိမ်တွင် ကလေး သူငယ်များ နေထိုင်ရန် မကောင်းပေ။ သူတို့၏အိမ်အတွင်းတွင် အကြမ်းဖက်ခြင်း တွေ့မြင်သော ကလေးသူငယ်များသည် ကျောင်း၌ ဒုက္ခရောက်တတ်ခြင်း မူးယစ်ဆေးဝါး၊ အရက်သေစာများ စတင်သုံးစွဲပြီး သူတို့ ကိုယ်တိုင်လည်း အကြမ်းဖက်သောသူ ဖြစ်လာနိုင်သည်။

## သင်သည် မတော်မတရားပြုခြင်း ခံဖူးပါသလား။

အကယ်၍ လူတဦးတယောက်သင့်အိမ်၌ အောက်ပါအတိုင်း ပြုလျှင် သင်သည် မတော်မတရားပြု ခံနေရသည်–

- တွန်းခြင်း၊ ပါးရိုက်ခြင်း သို့မဟုတ် ထိုးခြင်း၊
- သတ်ဖို့ရန် သို့မဟုတ် နာကျင်စေရန် ချိန်းခြောက်ခြင်း၊
- သင်၏ကလေးသူငယ်များ ယူဆောင်သွားဖို့ရန် ချိန်းခြောက်ခြင်း၊
- သင့်အား တစ်ချိန်လုံး အပြစ်တင်ဝေဖန်ခြင်းနှင့် အရှက်ခွဲခြင်းများ ပြုလုပ်ခြင်း၊
- သင်၏ မိသားစုနှင့်သူငယ်ချင်းများကို တွေ့ဆုံရန် အခွင့် မပေးခြင်း၊
- သင် လိုအင်ဆန္ဒမရှိသည့်အခါ သင့်ကို အတင်း အဓမ္မ ကာမဆက်ဆံခြင်း၊
- သင် အလုပ်လုပ်ပြီးသင့်ကိုယ်ပိုင်ငွေရှိရန် အခွင့် မပေးခြင်း၊
- သင့်အား အင်္ဂလိပ်စာသင်ကြားဖို့ရန် သို့မဟုတ် ယာဉ်မောင်း သင်တန်း တက်ရန် အခွင့်မပေးခြင်း၊
- သင်၏တိုင်းပြည်သို့ သင့်အားပြန်ပို့မည်ဟု ချိန်းခြောက်ခြင်းများနှင့်
- သင်၏ရွှေ့ပြောင်းနေထိုင်ခြင်း စာရွက်စာတမ်းများကို ယူသွားခြင်း တို့ဖြစ်သည်။

## ဤအရာသည် ရာဇဝတ်မှု ဖြစ်သည်

အိမ်အတွင်း အကြမ်းဖက်ခြင်းကို လျှို့ဝှက်မထားသင့်ပေ။ မိသားစုအား ကိုယ်ကာယ သို့မဟုတ် ကာမ ဆိုင်ရာ အကြမ်းဖက်ခြင်းသည် အမေရိကန်ပြည်ထောင်စုတွင် ဥပဒေနှင့် မကိုက်ညီပါ။ အိမ်တွင်း အကြမ်းဖက်ခံရသူများကို ပုလိပ်နှင့်တရားရုံးများက ကာကွယ်ပေးသည်။ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အသက်ကြီးရွယ်အိုများအား အထူး အကာအကွယ် ပေးထားသည်။ အိမ်တွင် အကြမ်းဖက်သူကို ဖမ်းဆီးနိုင်သည်။

## သင်၏ အမှားမဟုတ်

အကယ်၍ သင်သည် မတော်မတရားပြုခြင်းခံရလျှင် သင်သည် မိန်းမကောင်း တစ်ယောက် သို့မဟုတ် အမိ ကောင်း တစ်ယောက် မဟုတ်ဟု မဆိုလိုပေ။ သင့်ကို မတော်မတရားပြုသောသူသည် သင်၏အသက်တာကို ထိန်းချုပ်ချင်သောကြောင့် ဖြစ်သည်။

## သင် တစ်ယောက်တည်း မဟုတ်

သင်၏ မိသားစုထဲမှ တဦးတယောက်က မတော်မတရားပြုနေလျှင် သင်သည် တစ်ယောက်တည်း မဟုတ်ဟု သင်သိရမည်။ အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် အမျိုးသမီး၂သန်းကျော်သည် သူတို့၏ ယောကျ်ားများ နှင့် သမီးရည်းစားများ၏ မတော်မတရားပြုခြင်းခံရ ကြသည်။

အကယ်၍ သင်သည် တဦးတယောက် မတော်မတရား ပြုခံရသည်ကို သိခဲ့လျှင် အကူအညီရှိကြောင်း အသိပေးလိုက်ပါ။

- 911 အရေးပေါ်အကူအညီ– ပုလိပ်နှင့်လူနာတင်ကား။
- အိမ်တွင်းရေးဆိုင်ရာ အကြမ်းဖက်ခြင်း ခိုလှုံရာနေရာ– အမျိုးသမီးနှင့် သူတို့၏ကလေးသူငယ်များအတွက် လုံခြုံပြီး အခမဲ့သည့်အိမ်များ။
- ခေတ္တယာယီ ကာကွယ်ခြင်းအမိန့်– အကြမ်းဖက်သောသူသည် သူ၏ အိမ်မှထွက်သွားရပြီး သူ၏ဇနီးနှင့် သားသမီးတို့ အဝေးတွင် နေရမည်ဟု မိသားစု တရားရုံးက အမိန့် ချ လိမ့်မည်။
- ဥပဒေ အကူအညီ– ဝင်ငွေနည်းသည့် ဓားစာခံများ သူတို့၏ ဥပဒေကိစ္စရပ်များဖြစ်သည့် ကာကွယ်ခြင်း အမိန့်၊ ထိန်းသိမ်းခြင်း၊ ကလေးငယ်ထောက်မခြင်း သို့မဟုတ် လင်မယားကွဲခြင်းများတို့တွင် ကူညီမည့် အခမဲ့ရှေ့နေကို ရရှိလိမ့်မည်ဖြစ်သည်။